'ချစ်သော လမင်းသို့'

အမှောင်တိုက် အလယ်
ဘောင်ခတ်ခံထားရတဲ့ ဘဝများထဲ
'သူမ'ဆိုတာ ငါတို့အားလုံးအတွက်
မီးရှူးတန်ဆောင် အလင်းရောင်။

ညဥ့်နက်နက် ဒီမြေတစ်ခွင်ထက်
ရှင်သန်ခြင်းတို့ အကျိုးပြုဖို့မာန်နဲ့ သူမ
တိမ်မည်းညိုတွေကြားက
တိုးထွက်လာတဲ့ လမင်းတစ်စင်းလိုမျိုး။

သည်အခါ သည်အခွင့်နဲ့ ...
ငါတို့အတွက်ဆိုရင်...၊
သူမရဲ့ အပြုံးလေးတစ်ချက်တောင်
လျော့ပါးခြင်းမျိုး မရှိစေရ။
စွမ်းသမျှ ခွန်အားတွေ အခါခါစစ်ထုတ်၊
ချစ်ခြင်းနှလုံးသားသက်သက်နဲ့သာ
အလင်းလက်ဆုံး နှင်းအပ်ပေးနေခဲ့တာ။

ငါတို့ကိုယ်ထဲ
သူမမေတ္တာလှိုင်းတချို့ ခံယူသုံးစဉ်...၊
တဒင်္ဂ တဒင်္ဂတိုင်းဟာလည်း တန်ဖိုးအတိ
ငါတို့ သတိရှိဖို့တော့ လိုလိမ့်မယ်။

တကယ်သေချာပါတယ်…။

ဟောဒီလမင်းကြီး…

သည်တခါ ကွယ်ပျောက်သွားရင်

နောင်ဘယ်တော့မှလည်းပြန်ရောက်မလာနိုင်တော့ဘူး ။

ကြည်နူးခြင်း နဲ့ ကြေကွဲခြင်းဟာ…

ပစ္စက္ခစီးကြောင်းထဲ

အမြဲဒွန်တွဲနေတဲ့ ပဋိပက္ခလို

ငါတို့ဘာသာ ခံစားနားလည်နေမိခဲ့။

သူ့ဘေးမှာ ရှိနေမြဲ

အဲဒီတိမ်မည်းမည်းတွေကိုလည်း မုန်းတယ်။

တခါတခါ …

လေရိုင်းတချို့တလေက လာ ၊

ထင်ရာစိုင်းဖို့ကိုလည်း ခွင့်မပြုလိုဘူး။

တို့လမင်းကြီးနဲ့များ  အပြီးဝေးသွားမှာစိုးလို့…

ခွေးဟောင်သံကြားတိုင်းလည်း

ထွက်ထွက်ကြည့်နေရ။

တရေးနိုးတိုင်း တခါလွမ်းရစ်တဲ့

ငါတို့အဖြစ်တွေ….။

နုယဉ်